**ဖိုကိုလာရေလှုပ်ရှားမှု**

**အသက်ပေးသည့်**
**နှုတ်တော်ထွက်စကား**

ဖေဖော်ဝါရီလ ၂၀၁၅

**"ခရစ်တော်သည် သင်တို့ကိုလက်ခံကြိုဆိုသကဲ့သို့ ဘုရားသခင်၏ဘုန်းဂုဏ်တော်အတွက် သင်တို့သည်လည်း အချင်းချင်းတစ်ဦးကိုတစ်ဦးလက်ခံကြိုဆိုကြလော့" (ရောမ ၁၅း၇)**

တမန်တော်ကြီးရှင်ပေါလုက စပိန်နိုင်ငံသို့အသွားလမ်းခရီးတွင် ရောမသို့သွားရောက်လိုသည့်အတွက် ကြိုတင်ပြီးရောမမြို့သားတို့ထံ စာတစ်စောင်ရေးသားပေးပို့ခဲ့ပါသည်။ သူတို့ထံမှ မရေမတွက်နိုင်လောက်အောင်များပြားလှသောဓမ္မအာဇာနည်များအားဖြင့် သမ္မာကျမ်းစာတော်မြတ်ကို မည်မျှရိုသေလေးမြတ်ကြောင်းနှင့်ကိုင်းရှိုင်းကြောင်း သက်သေခံကြလိုသော်လည်း နေရာတိုင်း၌ဖြစ်လေ့ရှိသကဲ့သို့ပင် သူတို့အချင်းချင်းအကြားတွင်လည်းတင်းမာမှုများ၊ နားလည်မှုလွဲမှားခြင်းများသာမက ပြိုင်ဆိုင်မှုများပင်လျှင် ရှိကြပါသည်။ အမှန်က ရောမရှိခရစ်ယာန်များမှာ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဘာသာရေးနောက်ခံအမျိုးမျိုးမှ လာကြသူများဖြစ်ပါသည်။ အချို့ကား ဂျူးဘာသာမှလည်းကောင်း၊ အခြားသူများမှာလည်း ဟယ်လင်နစ်လောကမှ လာကြပြီး အချို့ကလည်း ရောမရှေးခေတ်နတ်ဘုရားကိုးကွယ်ယုံကြည်သူများ၊ စတော့အစ်ဇင် သို့မဟုတ် အခြားအရှေ့တိုင်းအတွေးအခေါ်အယူအဆများကို လက်ခံယုံကြည်သူများဖြစ်ကြပြီး မိမိတို့၏ရိုးရာဓလေ့ထုံးစံအတွေးအခေါ်များနှင့် ကျင့်ဝတ်ဆိုင်ရာလက်ခံယုံကြည်မှုများကို ဆောင်ယူလာခဲ့ကြသည်။ အချို့ကား သက်သတ်လွတ်စားခြင်း သို့မဟုတ် ပြက္ခဒိန်တွင်အထူးဖော်ပြထားသည့် ဝါရှောင်ရမည့်ရက်များအတိုင်း တင်းကြပ်စွာကျင့်ကြံနေထိုင်ကြသူများဖြစ်ပြီး ၎င်းတို့မှာ "အားနည်းသူ" ဟုခေါ်ခံရသည်။ အခြားသူများမှာ လည်း "သန်စွမ်းသူ"ဟုခေါ်ခံကြရသည်၊ အကြောင်းမှာ ၎င်းတို့သည် မည်သည့်ကန့်သတ်မှုမျိုးမှမရှိဘဲ အစားအသောက် ရှောင်ကြဉ်ခြင်း သို့မဟုတ် အထူးတလည်ဝတ်ပြုဝိနည်းများအား လိုက်နာစောင့်ထိန်းမှုမရှိခြင်းတို့ကြောင့်ဖြစ်သည်။ ၎င်းတို့အားလုံးအား ရှင်ပေါလုက အရေးပေါ် ဖိတ်ခေါ်မှုတစ်ရပ်ကို ပြုခဲ့ပါသည်။

**"ခရစ်တော်သည် သင်တို့ကိုလက်ခံကြိုဆိုသကဲ့သို့ ဘုရားသခင်၏ဘုန်းဂုဏ်တော်အတွက် သင်တို့သည်လည်း အချင်းချင်းတစ်ဦးကိုတစ်ဦးလက်ခံကြိုဆိုကြလော့"**

အဆိုပါအချက်မတိုင်မီ သူ၏စာထဲ၌ ဦးစွာပထမ "သန်စွမ်းသူ" တို့အား "အားနည်းသူ"တို့ကို ခံယူချက် သဘောထားများနှင့်ပတ်သက်ပြီး အချင်းမများကြဘဲ ကြိုဆိုလက်ခံဖို့ ရည်ညွှန်းပြောထားသကဲ့သို့ "အားနည်းသူ"

တို့အားလည်း "သန့်စွမ်းသူ" တို့သည် "ဘုရားသခင်ကို လက်ခံယုံကြည်ကြသူများ" ဖြစ်သည့်အလျောက် ဝေဖန်ဆုံးဖြတ်ခြင်းမပြုဘဲ အပြန်အလှန်အားဖြင့်ကြိုဆိုလက်ခံဖို့ ပြောပါသည်။

အမှန်က ရှင်ပေါလူးသည် တစ်ဦးချင်းစီအား ကွဲပြားနေသောအမြင်သဘောထားများနှင့် ပြုမူကျင့်ကြံသည့်နည်းလမ်းများ၊ ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်အတွက် လုပ်ဆောင်ချက်များအကြား တိုက်တွန်းခဲ့ခြင်းဖြစ်ပါသည်။ မိမိနှင့် အတွေးအခေါ်အယူအဆမတူသူကို ဝေဖန်ဆုံးဖြတ်ရန် အကြောင်းမရှိသလို ထိုသူတို့အပေါ် မောက်မာစွာဆက်ဆံခြင်းမျိုးနှင့် အထက်စီးဖြင့်ရင့်သီးစွာပြုမူခြင်းအားဖြင့် ကျော်မကောင်းကြားမကောင်းဖြစ်စရာမဖြစ်စေရပါ။ ထိုအစား အမှန်တကယ်လိုအပ်သည်မှာ အရာရာကိုအကောင်းမြင်ဖို့၊ အပြန်အလှန်စိတ်ဓါတ်မြှင့်တင်ရေးအတွက် ရည်ရွယ်ထားရှိဖို့၊ ယင်းက လူမှုအဖွဲ့အစည်းအသိုင်းအဝိုင်းကို တည်ဆောက်ခြင်းနှင့် စည်းလုံးညီညွတ်ခြင်းပင်ဖြစ်ပါသည်။ (ရောမ ၁၄း၁–၂၃)

ယင်းက လက်တွေ့အကောင်အထည်ဖေါ်ဖို့ဖြစ်ပြီး၊ ဤကိစ္စရပ်တွင်လည်း ခရစ်ယာန်အသက်တာ၏ကြီးမြတ်လှသော အဆင့်အတန်းကို ရှင်ပေါလူးက သူ၏အဆိုပါစာမတိုင်မီတွင် . . . "ပညတ်တရားကို ပြည့်စုံစေ၏" (ရောမ၁၃း၁၀)၊ အကယ်၍သင်သည် မေတ္တာတရားနှင့်အညီ ကျင့်နေသည်မဟုတ် . . . (ရောမ ၁၄း၁၅)၊ စသည်ဖြင့် ရောမရှိခရစ်ယာန်အဖွဲ့အစည်းအသိုင်းအဝိုင်းတိုင်းကထားရှိသင့်သော ညီရင်းအစ်ကိုပမာစိတ်ထားကင်းမဲ့နေခြင်းကို သတိပေးထားပါသည်။

အပြန်အလှန်လက်ခံကြိုဆိုခြင်း၏စံပြအဖြစ် တမန်တော်ကြီးက သခင်ယေရှု လက်ဝါးကပ်တိုင်ထက်၌ရှိစဉ် မိမိအလိုကိုမလိုက်ဘဲ ကျွန်ုပ်တို့၏အပြစ်အားနည်းချက်များကို သူသည်ခံယူခဲ့ကြောင်းကိုဖေါ်ပြလျက် ဆုံးမတော်မူပါသည်။(ရောမ၁၅း၁–၃တွင်ရှု)။ လက်ဝါးကပ်တိုင်ထက်မှ အရာရာကို ကိုယ်တော်သည်ခံယူလျက် ဂျူးဖြစ်သော ယောဟန်၊ ရောမအစောင့်စစ်သားများနှင့်တကွ မေရီမက်ဒလင်းနှင့် ကိုယ်တော်၏ဘေးတစ်ဖက်တစ်ချက်တွင် လက်ဝါးကပ်တိုင်တင်သတ်ခံရသော ရာဇဝတ်သား နှစ်ဦးတို့ကို လက်ခံကြိုဆိုခဲ့ပါသည်။

**"ခရစ်တော်သည် သင်တို့ကိုလက်ခံကြိုဆိုသကဲ့သို့ ဘုရားသခင်၏ဘုန်းဂုဏ်တော်အတွက် သင်တို့သည်လည်း အချင်းချင်းတစ်ဦးကိုတစ်ဦးလက်ခံကြိုဆိုကြလော့"**

ကျွန်ုပ်တို့ခရစ်ယာန်အဖွဲ့အစည်းအသိုင်းအဝိုင်းတွင်လည်း ဘုရားသခင်သည် ကျွန်ုပ်တို့အားလုံးကိုချစ်မြတ်နိုးတော်မူ၍ သန့်ရှင်းသူများအဖြစ်ရွေးကောက်ခြင်းခံရကြသော်လည်း (ရောမ၁း၇) ရောမ၌ကဲ့သို့ပင် ယဉ်ကျေးမှုမတူညီသူများအကြား သဘောထားမတိုက်ဆိုင်မှုများနှင့် ကွဲပြားမှုများ၊ အရာရာတိုင်းကို ရှုမြင်ပုံများကခြားနားလျက်ရှိကြသည်မှာ အတူတူပင်ဖြစ်သည်။ ရှေးရိုးစွဲဝါဒီများနှင့် ဆန်းသစ်တီထွင်သူများအကြား၊ ပို၍ပွင့်လင်းသူများနှင့် ပို၍လျှို့ဝှက်သူများအကြား၊ ခရစ်ယာန်ဘာသာတွင် လူမှုပေါင်းသင်း ဆက်ဆံရေးအပေါ် ပိုပြီးစိတ်ဝင်စားမှု သို့မဟုတ် ဝိညာဉ်ရေးဆိုင်ရာပုံစံကို ပိုပြီးစိတ်ဝင်စားမှုတို့အကြားတွင် မကြခဏ ပဋိပက္ခဖြစ်ပေါ်လေ့ရှိပါသည်။ ကွဲပြားခြားနားမှုများက နိုင်ငံရေးခံယူချက်နှင့် လူမှုရေးနောက်ခံ မတူညီမှုများ၏

တွန်းပို့မှုကြောင့်ဖြစ်ပေါ်စေပါသည်။ မျက်မှောက်လူ့ဝင်မှုအကြောင်းတရားကလည်း လက်ရှိကျွန်ုပ်တို့၏ ဝတ်ပြုခြင်းအတွက် စုဝေးခြင်းများနှင့် အနာဂတ်တွင် အသင်းတော်အဖွဲ့အစည်းအသီးသီး တို့၌ ယဉ်ကျေးမှုနှင့် ဒေသရင်းမြစ်ဆိုင်ရာ ကွဲပြားမှုများကို ဆောင်ကြဉ်းလာကြပါသည်။

အလားတူပြောင်းလဲစေနိုင်သောအင်အားကို ခရစ်ယာန်အသင်းတော်များ၊ မိသားစုများ၊ အလုပ်ခွင်များ သို့မဟုတ် နိုင်ငံရေးပြိုင်ဆိုင်မှုတို့အကြား ဆက်ဆံရေးများတွင်လည်း သက်ရောက်မှုရှိကြောင်း တွေ့မြင်နိုင်ပါသည်။

ကိုယ်နှင့်အတွေးအခေါ်အယူအဆမတူသူများအားဝေဖန်ခြင်းနှင့် ကိုယ့်ကိုယ်ကို ကြီးမြတ်သည်ဟုခံယူသည့် စိတ်ကြီးဝင်စေသောစုံစမ်းနှောင့်ယှက်ခြင်းဖြင့် တဖြည်းဖြည်းသွားရင်းအကျိုးမရှိသည့် အပြန်အလှန် ဘေးဖယ် ထားခြင်းများသာဖြစ်စေပါသည်။

ရှင်ပေါလူး၏စံပြချက်မှာ အရာရာကိုတစ်ပြေးညီဖြစ်အောင်ပြုလုပ်ခြင်းမဟုတ်၊ သို့သော် အဖွဲ့အစည်းအသိုင်း အဝိုင်းအတွင်းကွဲပြားမှုများနှင့် ကြွယ်ဝမှုများအားတစ်လုံးတစ်ဝတည်းရှိစေခြင်းတည်း။ ယင်းကားတိုက်ဆိုင်မှု သက်သက်မဟုတ်ဘဲ ဤစာ၏ရှေ့ပိုင်း နှစ်ပိုဒ်တွင် ခန္ဓာကိုယ်တစ်ခု၌ မတူညီသောအစိတ်အပိုင်းအသီးသီး၏ စုပေါင်းဖွဲ့စည်းထားမှုနှင့် တစ်ခုစီ၏ဆုကျေးဇူးကြွယ်ဝပုံချင်းမတူညီကြောင်း၊ ယင်းကားအဖွဲ့အစည်း အသိုင်း အဝိုင်းတစ်ခု သက်ရှင်ရပ်တည်နိုင်ဖို့ ထိုနည်းတူဖြစ်ကြောင်းအနည်းငယ်မျှဖော်ပြထားပါသည်။ (ရောမ ၁၂း၃– ၁၃ တွင်ရှု)။ သူ၏စံထားမှုမှာ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်၏ပုံတော်ကိုယူပြီးအသုံးပြုဖို့မဟုတ်၊ စက်ဝန်းပေါ်မှ ညွှန်မှတ်တစ်ခုစီတိုင်းသည် ဗဟိုချက်မှအကွာအဝေးတူညီစွာရှိပြီး တစ်ခုနှင့်တစ်ခုအကြားတွင် လည်း မည်သည့်ကွာခြားမှုမှမရှိသည့်သဘောဖြစ်ရမည်။ စံထားမှုမှာ တစ်ခုနှင့်တစ်ခု အချိုးညီညီမဟုတ်ဘဲ မတူညီသောမျက်နှာပြင်များစွာရှိပြီး တစ်ခုချင်းစီက ၎င်းတို့၏ကိုယ်ပိုင်ဟန်ကိုထိန်းသိမ်းထားသည့် အသွင် လက္ခဏာများဖြင့် တာကွက်ကဲ့သို့ဖြစ်ရပေမည်။ လူသားများသည်ပင်လျှင် စိတ်မချရသောမိမိတို့၏ အမှားများ အပေါ်ထောက်ရှုပြီး ယင်းက ခြုံ၍ရှုမြင်ခြင်းမျိုးမဖြစ်ရပေ။ အားလုံးနှင့်သက်ဆိုင်သောသဘောသဘာဝအတွင်း မိမိတို့၏ကိုယ်ပိုင် ပင်ကိုယ်လက္ခဏာများကိုထိန်းသိမ်းရင်း လူအများဆုံတွေ့ပေါင်းစည်းကြခြင်းဖြစ်သည်။ ယင်းကား အမှန်တကယ်ပင် လူတိုင်းအတွက်နေရာဖြစ်သော ဘုံပိုင်ဆိုင်မှုကို လက်ကိုင်ပြုသည့် လူ့ဘောင် အသိုင်းအဝိုင်းမှ လူပုဂ္ဂိုလ်များပင်ဖြစ်သည်။

**“ခရစ်တော်သည် သင်တို့ကိုလက်ခံကြိုဆိုသကဲ့သို့ ဘုရားသခင်၏ဘုန်းဂုဏ်တော်အတွက် သင်တို့ သည်လည်း အချင်းချင်းတစ်ဦးကိုတစ်ဦးလက်ခံကြိုဆိုကြလော့”**

ဤအသက်ပေးသည့်နှုတ်တော်ထွက်စကားသည် အခြားသူများ၌ရှိသောအပြုသဘောဆောင်မှုများကို အနည်း ငယ်မျှလောက်ပင် အသိအမှတ်ပြုဖို့ အလေးပေးဖိတ်ခေါ်နေခြင်းဖြစ်သည်။ အကြောင်းမှာ သခင်ခရစ်တော်သည် ပင်လျှင်သင်စီရင်ဆုံးဖြတ်လိုသူအတွက် သူ၏အသက်ကိုပေးဆက်ခဲ့သောကြောင့်တည်း။ ယင်းကားနားထောင်

တတ်ဖို့၊ ကျွန်ုပ်တို့၏ခုခံကာကွယ်တတ်သည့်အကျင့်ကိုစွန့်လွှတ်ဖို့၊ ပြောင်းလဲမှုအတွက်လမ်းဖွင့်ထားဖို့၊ မတူကွဲပြားမှုကို လေးစားဖို့နှင့် ချစ်ခြင်းမေတ္တာဖြင့် ကြိုဆိုလက်ခံဖို့၊ လူမှုအသိုင်းအဝိုင်းတစ်ခုကို အများနှင့် တကွ စည်းလုံးညီညွတ်မှုဖြင့်ဖွဲ့စည်းတည်ဆောက်တတ်ဖို့ ဖိတ်ခေါ်ချက်ပင်ဖြစ်သည်။

အဆိုပါနှုတ်ကပတ်တော်ကို ဂျာမနီနိုင်ငံရှိ ဧဝံဂေလိအသင်းတော်မှသူ၏အသင်းသားများ လိုက်လျှောက်ကျင့်ကြံဖို့နှင့် ၂၀၁၅ခုနှစ်တစ်လျှောက်လုံးလမ်းပြအလင်းဖြစ်စေဖို့ ရွေးချယ်ထားခြင်းဖြစ်ပါသည်။ အကယ်၍ ဤ ၂၀၁၅ ခုနှစ်အတွင်းဝယ် အနည်းဆုံး အသင်းတော်အသီးသီးမှဘာသာဝင်များအနေဖြင့် အဆိုပါကျမ်းချက်ကို ဝေမျှကျင့်ကြံခဲ့ပါလျှင် ယင်းကားအပြန်အလှန်လက်ခံကြိုဆိုမှုသည် ယခုပင်စတင်နေသည့် အမှတ်လက္ခဏာပင်ဖြစ်တော့သည်။

အလားတူပင် ကျွန်ုပ်တို့သည်လည်း ဘုရားသခင်အား တစ်သံတည်းချီးမွမ်းဂုဏ်ပြုနိုင်ကြပေလိမ့်မည် (ရောမ ၁၅း၆) အကြောင်းမှာ ကယားရာလူးဘစ်က ဂျီနီဗာရှိ စိန့်ပီရဲကသီဒရယ်ကျောင်းတော်ကြီး ပြန်လည်ဖွဲ့စည်းခဲ့စဉ်က ဆိုခဲ့ဘူးသည့်အတိုင်း ယနေ့ကျွန်ုပ်တို့ကမ္ဘာကြီးသည် ကျွန်ုပ်တို့တစ်ဦးတစ်ယောက်စီအား ချစ်ခြင်းမေတ္တာထားကြဖို့တောင်းဆိုနေပါသည်။ စည်းလုံးခြင်း၊ တစ်လုံးတစ်ဝတည်းရှိခြင်း၊ စုစည်းညီညွတ်ခြင်းရှိကြဖို့တောင်းဆိုနေပါသည်။ ထို့အပြင် အသင်းတော်များအနေဖြင့်လည်း ရာစုနှစ်ပေါင်းများစွာကွဲပြားနေမှုမှာ စည်းလုံးခြင်းကိုတစ်ဖန်ပြန်လည်ပြုကြဖို့လည်း တောင်းဆိုပါသည်။ ယင်းကား ပြုပြင်ပြောင်းလဲမှုများအားလုံး၏ပြုပြင်ပြောင်းလဲမှုအဖြစ်ကောင်းကင်နိုင်ငံတော်က ကျွန်ုပ်တို့အားတောင်းဆိုနေခြင်းဖြစ်သည်။ ယင်းကား ကမ္ဘာလူသားအားလုံးပူးပေါင်းပါဝင်သော တစ်လောကလုံးနှင့်သက်ဆိုင်သည့် ပေါင်းစည်းညီညွတ်ရေးသို့ ရှေ့ရှုဆက်လှမ်းရမည့် ပထမဆုံးနှင့် လိုအပ်ချက်ခြေလှမ်းလည်းဖြစ်သည်။ ကျွန်ုပ်တို့စည်းလုံးညီညွတ်ကြပါလျှင် ကမ္ဘာကြီးသည်ယုံကြည်လာပါလိမ့်မည်။

*Fabio Ciardi*